ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅ / ၂၀၂၀**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့် ဖြည့်စွက်ပြင်ဆင်ခြင်း**

၁။ အမျိုးသားလွှတ်တော်၏(၁-၃-၂၀၁၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၉) ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ တာဝန်(၁၁) ချက် နှင့် လုပ်ပိုင်ခွင့်(၇)ချက်အား ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ကော်မတီ၏ အပိုဒ် ၅ လုပ်ပိုင်ခွင့်များအပြင် အောက်ပါအချက် ၂ ချက်အား ဖြည့်စွက် ပြင်ဆင်လိုက်သည် -

(က) အဓမ္မခိုင်းစေခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားမှုများရရှိပါက ဖြစ်စဉ်မှန်/မမှန် စိစစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်ကြားသူကာယကံရှင်များကို ခေါ်ယူကြားနာခြင်း၊ လိုအပ်ပါက ဖြစ်ပွားရာဒေသသို့ ကွင်းဆင်းစုံစမ်း စစ်ဆေးခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

(ခ) လေ့လာတွေ့ရှိချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ အမှုတွဲနှင့် တကွ ပေးပို့တင်ပြရမည်။

(ပုံ)မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

စာအမှတ် ၊ ၁၀၀/အမလ/၁-၃(ကော်မတီ)/၂၀၂၀( ၈၄၁ )

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

- ဦးစီးရုံး
- ဥက္ကဋ္ဌရုံး
- ဥပဒေပြုဌာနကြီး(သက်ဆိုင်ရာကော်မတီသို့ဆက်လက်ဖြန့်ဝေပေးနိုင်ရန်ပေးပို့ပါသည်။)
- သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီး
- စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးနိုင်ပါရန်၊ အမိန့်ကြော်ငြာစာတစ်စောင်(ရှက်ရေ ၂ ရွက်)အား ပေးပို့ပါသည်။ |

အမိန့်အရ

လွင်ဦး

ညွှန်ကြားရေးမှူးချုပ်